ယွန်းစံအိမ်စာပေ

ဝေမှူးသွင်

လင်းညိုသွေး

# နဂ္ဂတစ်တေလေမှတ်တမ်း



ဝေမျှူးသွင်

အလင်းအက်ကြောင်း

# အလင်းအက်ကြောင်း

ငါ့ သတိရခြင်းများနဲ့ လိုအပ်ချက်မှန်သမျှ “ရွှေ” ဖြစ်ခဲ့မယ်ဆိုရင် မင်းဟာ ရွှေသားအတိပြီးနေတဲ့ သက်ရှိလူသားတစ်ယောက်ပေါ့။ မင်းနဲ့ ပတ်သက်ခဲ့သမျှအတိတ်ဟာ နောက်ဆုံးမိနစ်မှာ ငါ့ကို ပယ်နယ်တီ

သွင်းသွားနိုင်ခဲ့တယ်။ ရှုံးကြွေးဆပ်ဖို့ စိတ်ကူး မရှိခဲ့ပေမယ့် နှလုံးသွေး ရပ်မသွားအောင်တော့ ငါ ကြိုးစားရမှာပဲ။

အဲဒီနေ့ ...၊ မိုးတွေ ရွာနေတဲ့နေ့ ...၊ အဲဒီ မိုးတွေ ရွာနေတဲ့ နေ့မှာပဲ မင်းမျက်လုံးတွေကို ငါ ဆုံးရှုံးရတော့မယ်ဆိုတာ သေချာသွားခဲ့တယ်။ မိုးတွေ ရွာနေတဲ့နေ့မှာ မိုးမရွာစေချင်သော စိတ်တွေက တစ်ဖွဲဖွဲရွာလို့။ ကိုယ့်ဘဝကိုယ် ငုံ့ကြည့်ရင်း ပစ်ပစ်နှစ်နှစ် လန်းဆန်းပစ်လိုက်မိတယ်။ ပြီးခဲ့တာတွေ မပြီးဆုံးနိုင်သေးသ၍ မင်းအတွက် ဆက်ရှင်သန်နေရဦးမယ်။

အခုချိန်မှာ ဝဲတက်လာတဲ့ မျက်ရည်တွေအတွက် ခံနိုင်ရည် မရှိသေးတာကလွဲရင် အားလုံးနူးညံ့စိုပြေနေတုန်းပါပဲ။ သီချင်းသံတွေကြားရင် သတိရတယ်။ ဂျင်းဘောင်းဘီ ဝတ်ထားတဲ့ ကောင်မလေးတွေတွေ့ရင် လွမ်းတယ်။ ဓါတ်ဆီကုန်ခဲ့သော အချိန်ကာလများဟာ ငါတို့နှစ်ယောက်အတွက် အလွမ်းပြဇာတ်တွေများလား။

ရာသီတွေ ခဏခဏ ပြောင်းခဲ့ပေမယ့် ငါ့ရဲ့ ဘယ်ဘက် လက်သူကြွယ်မှာ မင်းပေးခဲ့တဲ့ လက်စွပ်လေးဟာ အခုထိ လက်ဆတ်နေဆဲပါ။ မောင့်ကို အရမ်းချစ်တယ် (သို့) မောင့်ထက် ပိုချစ်တယ်။ ဟုတ်တယ်၊ အဲဒီလို ထပ်တလဲလဲ ပြောခဲ့တယ်။ တစ်ဘဝစာ ရှင်သန်ရပ်တည်နိုင်ဖို့ အဲဒီ မင်းရဲ့ စကားသံကို ငါ အမြဲကြားချင်နေခဲ့တယ်ဆိုတာ မင်း သိနိုင်မယ် မထင်ဘူး။ ပတ်ဝန်းကျင်ရဲ့ ဖြောင်းဆန်မှု အောက်မှာ ငါ မနည်းရပ်တည်ခဲ့ရတယ်။

ငါ့ကိုယ်ငါ မထိန်းသိမ်းနိုင်သေးတာကလွဲရင် ငါဟာ လူကောင်းတစ်ယောက်ပါ။ အခုတော့ မင်းအချစ်နဲ့ ထုဆစ်ထားတဲ့ သက္ကရာဇ်တွေကို ပူနွေးဆဲဖြစ်အောင် ငါ အသက်ရှူတတ်ခဲ့ပြီ။ မင်းက အဝေးဆုံးကို ထွက်

ခွာသွားပေမယ့် နီးနီးလေးမှာ ကျန်ရစ်ခဲ့ရဲ့။

အဖျားသွေးတက်လာတဲ့ ညချမ်းတွေမှာ ငါ ဘာဆေးသောက်ရမယ် ဆိုတာ မသိဘူး။ ကိုယ့် အတိတ်နဲ့ကိုယ် အံဝင်ခွင်ကျ မဖြစ်ခဲ့ပေမယ့် မင်းကြောင့် ဖြစ်လာတဲ့ အမှတ်တရ မီးတောက်တွေနဲ့ကျတော့ အံဝင်ခွင်ကျ ဖြစ်နေပြန်ရော။ စိတ်ကို မယူဘဲ လူကို ယူသွားတဲ့ မင်းနဲ့ လူကို မယူဘဲ စိတ်ကိုသာ ယူငင်တတ်တဲ့ ငါ့အကြား … အားလုံးဟာ လွမ်းလို့ မကုန်နိုင်အောင် ပါပဲကွာ …။

ဒီနေ့ ကမ္ဘာကြီးမှာ၊ လူတစ်ယောက်ကို နည်းလမ်းမျိုးစုံနဲ့ ဖျား ယောင်းသွေးဆောင်နေတဲ့ ဂလိုဘယ်လိုက်ဇေးရှင်း ခေတ်ထဲမှာ၊ ပရီးမီး ယားလိဂ်ကို သွေးကြောထဲ ထိုးသွင်းထားသော ချာတိတ်တစ်ယောက်ရဲ့ ရင်ထဲမှာ မင်းဟာ အရာရာပဲ။ ပြီးတော့ အခါခါပဲ။

ဒီမနက်မှာလည်း ငါ ခါတိုင်းလိုပဲ တရားမဲ့စွာ အိပ်ရာက ထလာခဲ့ရ ပြန်ပြီ။ နေသာမှာလား၊ မိုးရွာမှာလား၊ တိမ်စိုင်တိမ်လိပ်တွေရော အခြေအနေ ကောင်းကြရဲ့လား၊ ငါ ဘာမှ မဝေခွဲတတ်ဘူး။ အခုလို မနက်ခင်းမျိုးမှာ ငါ လုပ်တတ်တာ လွမ်းဆွတ်မှုတွေနဲ့ ပြည့်နေတဲ့ အဆိပ်ခွက်ကို မက်မက်မောမော သောက်လိုက်မိတာပါပဲ။ ဒါဟာ အသိဉာဏ်နဲ့ ဆင်ခြင်တုံတရားကို သစ္စာဖောက်ရာ ရောက်တယ်ဆိုတာ ငါသိတယ်။ အရင်ကဆို ဒီအဖြစ်မျိုးကို ငါ သိပ်ရှက်မိမှာ သေချာတယ်။ ဒါပေမဲ့ အခုငါက မင်းအတွက်နဲ့ အရှက်သိက္ခာမဲ့တယ်။ ဒါကြောင့်ပဲ ငါ ဟာ အသည်းကွဲမြေပုံကို လမ်းညွှန်ရာမှာ ဆရာတစ်ဆူ ဖြစ်လာခဲ့ရ တယ်။

အခန်းရဲ့ အောက်သိုးသိုးအနံ့က ငါ့အသက်ဓာတ်ကို နာဖျားစေပေမဲ့၊ ဒီအခန်းမှာ တစ်ချိန်က မင်းရှိခဲ့ဖူးတယ်ဆိုတဲ့ အသိနဲ့ ငါနေပျော်ပါ

တယ်။ အနာဂတ်ကို စမ်းတဝါးဝါးနဲ့ လိုက်ရှာနေရတဲ့ ပစ္စုပ္ပန်တွေဟာ ဘယ်လောက်ကျန်နေဦးမှာလဲ။ မင်းမသိနိုင်တော့တဲ့ ငါ့ရဲ့ လက်ရှိအချိန်ကာလမှာ ငါ့ကိုယ်ငါ ပျောက်ဆုံးမသွားအောင် ဘယ်လောက်ထိ ကြိုးစားနေရဦးမှာလဲ။ ကံကြမ္မာရဲ့ မျက်လှည့်ပြကွက်တွေကို ငါ ဘယ်လောက်ကြာအောင် ကြည့်နေရဦးမှာလဲ။ တကယ်တော့ ငါဟာ မင်းအတွက် မေးခွန်းတွေ ဖြေဖို့သက်သက် လူ့လောကကို ရောက်လာခဲ့တယ် ထင်ပါရဲ့။

အနုတ်ဆင်ဖိုနီတွေနဲ့ အသားကျနေတဲ့ ငါ့ဘဝရုပ်ရှင်ထဲကို မင်း ဖြတ်လျှောက်လုပ်ခဲ့တာ သိပ်ပီပြင်လွန်းတယ်။ ကမ္ဘာ့ရုပ်ရှင်သမိုင်းမှာ မင်းဟာ ပထမဆုံးအကြိမ်ဖြတ်လျှောက် သရုပ်ဆောင်အဖြစ် အော်စကာဆု ရခဲ့တယ်။ တစ်နေ့တစ်ခြား ယဉ်ကျေးလာတဲ့ ကမ္ဘာရွာကြီးထဲမှာ ငါဟာ လက်ဇပ်ကားကို မတီထွင်နိုင်ဘူး။ သံလွင်ပင်ကိုလည်း ခုတ်လှဲဖို့ စိတ်ကူးမရှိဘူး။ ဒါပေမဲ့ မင်းကို ချစ်ခဲ့ဖူးတဲ့အတွက် သောမတ်စ်ဖရိုင်းမင်း (Thomas Friedman) နဲ့ မျက်နှာချင်းဆိုင် ဆုံတွေ့တဲ့အခါ ဂုဏ်မငယ်တော့ဘူးလို့ ငါ ခံစားရတယ်။ ကျေးဇူးဘဲ အချစ်ရေ။

အဲဒီအတွက် သိပ်ကိုကျေးဇူးတင်မိပါတယ်ကွာ ...။

အခုတော့ ခရမ်းရောင် ယုံကြည်မှုတစ်ခုမှာ မင်းက လိပ်ပြာလုံစွာ ထွက်ပြေးခဲ့သူ၊ ငါက မင်းအချစ်မှာ ကျွမ်းထိုးသင်နေတဲ့ ပိုးမွှားတစ်ကောင်ဖြစ်လာသူ ...။ ဘယ်လိုဖြစ်ဖြစ် ငါတို့နှစ်ယောက်ရဲ့ ဆက်ဆံရေးဟာ ခြောက်ခြားစရာအတိနဲ့ ကျေနပ်ဖွယ် ကောင်းခဲ့ပါတယ်။

ဟော ... ကြည့်စမ်း - ပြောရင်းဆိုရင်း မိုးသားတွေ မှိုင်းညို့လာပြန်ပြီ။ မိုးတွေ ရွာတော့မယ်။ ပြီးရင် မီးတွေခဏခဏ လာမယ်။ အဲဒီအခါ ငါ့ရင်ထဲမှာ နာမည်ကြီးအသည်းကွဲ အယူအဆတစ်ရပ်ဟာ သံစုံမြည်နေ

ပါလိမ့်မယ်။ ။

ဝေမှူးသွင်

(စရဏာမဂ္ဂဇင်း)

*

## လင်းညို့သွေး

# ယုန်ဖြူသို့ လွမ်းဆွတ်ခြင်း

## ယုန်ဖြူသို့ လွမ်းဆွတ်ခြင်း

ဘဝရဲ့ အချိန်တိုင်းမှာ ယစ်မူးစွာ တမ်းတရပါသော ... ယုန်ဖြူ ...

နာရီလက်တံတွေကို လက်ဝဲရစ် ပြန်လှည့်လိုက်ရင် ပထမဆုံး ငါ့ အာရုံထဲကို ရဲဝံ့စွာ တိုးဝင်လာတာ နင်ပါ ယုန်ဖြူ။ ငါ ရူးသွပ်နက်ရှိုင်းစွာ ချစ်ခဲ့ရသော နီညိုရောင် ဆံနွယ်တွေ၊ မျက်ဝန်းညိုညို၊ နှာတံချွန်ချွန်၊

ပန်းသွေးရောင် ကြွနေတဲ့ နှင်းဆီငုံ နှုတ်ခမ်းလေးနဲ့ အသားဖြူဖြူ ကောင်မလေးဟာ အမြင့်ါနှလုံးသားကို စိုးမိုးထားခဲ့တယ်။ အံ့ပါရဲ့။

ငါ အစွဲမက်ဆုံးက နင့်ရဲ့ ဘယ်ဘက် ပါးပြင်ပေါ်က ပြုံးလိုက်ရင် ခွက်ဝင်သွားတတ်တဲ့ ပါးချိုင့်လေးပဲပေါ့။

ငယ်ငယ်ကတည်းက သွားအတူ၊ ကစားအတူ နေလာခဲ့တဲ့ ငါတို့နှစ်ယောက်ရဲ့ သံယောဇဉ်ဟာ မှတ်ကျောက်အတင် လွတ်လိမ့်မယ်လို့ ငါ ယုံစားခဲ့မိတယ်။ တကယ်ပါ ... နင်ဟာ ငါ့ရဲ့ မနက်ဖြန်တွေကို ဆေးခြယ်ပေးခဲ့သူပါ ယုန်ဖြူရယ်။

ဂစ်တာ တစ်လက်၊ စကိတ် (Skate) တစ်စီးနဲ့ အချိန်တွေကို စားသုံးရင်း လမ်းပေါ်မှာ လေလွင့်နေသူဟာ ငါပါ ယုန်ဖြူ။ အရာရာကို ပေါ့ပေါ့တွေးပြီး ဂျစ်ကန်ကန် ညစ်ကျယ်ကျယ်နိုင်တဲ့ ကောင်လေးဟာ နင်တစ်ယောက်ကလွဲရင် ဘာကိုမှ အလေးအနက် မထားခဲ့ဘူးလေ။

ယုန်ဖြူရယ် ... နင်က ငါ့ကို 'မောင် နင် စကိတ်မစီးပါနဲ့လားဟာ အန္တရာယ်များပါတယ်' လို့ ပြောတော့ 'ဆောရီးပဲ ယုန်ဖြူ ငါ့ကို ချစ်ရင် ဒါကိုတော့ မတားပါနဲ့' လို့ ငါ တောင်းဆိုဖူးတယ်နော်။

ခွင့်လွှတ်ပါ ယုန်ဖြူ။ ရှုပ်ထွေးနေတဲ့ ကားလမ်းမပေါ်မှာ ကားတွေကို နောက်ကတွယ်ပြီး စကိတ် (Skate) စီးရတဲ့ ရင်ခုန်ဖွယ် အရသာကို ငါ အရမ်းနှစ်ခြိုက်လို့ပါ။

ပြန်တွေးရင် တကယ်ဆွေးရတယ် ယုန်ဖြူ။

နေ့ဘက်တွေမှာ အမြဲမခွဲတဲ့ နင်နဲ့ငါဟာ ညဘက်တွေမှာလည်း ဖုန်းဆက် မပျက်ခဲ့ဘူးနော်။ နင်ဟာ ငါ့ကို တစ်ခါတလေတော့ စိတ်ဒုက္ခရောက်အောင် လုပ်တတ်ပြန်တယ်။

မှတ်မိပါသေးတယ် ယုန်ဖြူ။

ည (၂) နာရီ ထိုးချိန်မှာ နင်ငါ့ဆီကို ဖုန်းဆက်တယ်လေ။ ဒီအချိန်မျိုးမှာ ငါ့ဆီ ဖုန်းဆက်တတ်တဲ့သူဟာ ငါ့အပေါ် နွဲ့ဆိုးဆိုး အနိုင်ယူတတ်တဲ့ ငါ့ရဲ့ ချစ်သူ ယုန်ဖြူလေး ဆိုတာ သိလိုက်တာပေါ့။ ဖုန်းကို ကောက်ကိုင်လိုက်တာနဲ့ ‘Good Night’ မောင် ... ငါ အိပ်မရလို့ သီချင်း ဆိုပြီး ချော့သိပ်ပါ’ တဲ့။

ကဲ ... ဘယ်လောက်ဆိုးတဲ့ ညစ်စုတ်မလေးလဲ။

ဒါပေမယ့် နင့်ရဲ့ စိတ်ကို ဖတ်တတ်တဲ့ ငါကတော့ နင် သိပ်ကြိုက်တဲ့ ! You are not alone! သီချင်းကို ဆိုပြပြီး ‘ကျေနပ်ပြီလား ယုန်ဖြူ’ လို့ မေးလိုက်တော့ အိပ်ပျော်သွားတဲ့ နင့်ရဲ့ အသက်ရှူသံ ခပ်မှန်မှန်ကိုသာ ဖုန်းထဲကနေ ငါ ကြားလိုက်ရတယ်လေ။

ဩော် ... ယုန်ဖြူရယ် ... ဒါတွေဟာ ငါ့ရင်ကိုကျွမ်းစေမယ့် အလွမ်းတွေရဲ့ ရှေ့ပြေးဖြစ်လိမ့်မယ်လို့ ငါ မတွေးမိခဲ့တာ အမှန်ပါကွာ။

ယုန်ဖြူရယ် ... ငါ သိပ်ချစ်တဲ့ နင်နဲ့ မထင်မှတ်ပါဘဲ ဝေးလွင့်ခဲ့ရတယ်နော်။ ဆယ်ကျော်သက်တွေမို့ မာနကို ရှေ့တန်းတင်ပြီး ဘာမဟုတ်တဲ့ ကိစ္စကို အရွဲ့တိုက်ခဲ့ကြလို့ပေါ့။

‘မောင် အခုတလော ငါ့ကို လိုက်နေတဲ့ ကောင်က တော်တော်ချောတယ်’ တဲ့။

ဒါပေါ့လေ။ ငါ့လို လမ်းပေါ်မှာ အချိန်ဖြုန်းနေတဲ့ နေလောင်အသားအရေနဲ့ ဂျလေဘီ လူမျိုးထက် သာမှာပါ။

မခံချင်စိတ်နဲ့ ‘အဲဒီကောင်ကို သွားကြိုက်ပါလား’ လို့ ငါပြောတော့ ‘မောင် သူက နင့်ထက် အစစ အရာရာ အများကြီး သာတယ်’ တဲ့လေ။

ငါ ... ငါ ... နာကျင်လိုက်တာ ယုန်ဖြူရယ်။ တကယ်ပါပဲဟာ ...။

ငါ့ စိတ်ထဲမှာ မျက်သွားတယ်။ 'ဒါဆို နင် ငါ့အနား ဘာလာရှုပ်နေတာလဲ။ ငါကလည်း နင့်လို ကောင်မလေးမျိုး ဝေးသေး' လို့ ပြောလိုက်မိတယ်။ 'မောင် နင် တကယ် ပြောနေတာလား။ နင့် စကားကို မပြင်တော့ဘူးလား' လို့ နင် မေးသေးတယ်နော်။ ဒေါသထွက်နေတဲ့ ငါက 'မပြင်ဘူးဟ လုံးဝပဲ' လို့ ပြန်ပြောတော့ 'ရတယ်လေ အဲ့ဒီ စကားကို မြဲမြဲမှတ်ထားပါ' ဆိုပြီး နင်လှည့်ထွက်သွား ခဲ့တယ်လေ။

ဆုံမှတ်နဲ့ ဝေးနေတဲ့ မျဉ်းပြိုင်နှစ်ကြောင်းရဲ့ အကြောင်းကို တွေးမိတိုင်း နောင်တတွေနဲ့ ငါ လောင်မြိုက်နေခဲ့တာပါ ယုန်ဖြူ။

မကြာပါဘူး။ ယုန်ဖြူနဲ့ ကောင်လေးတစ်ယောက် တွဲနေတယ်လို့ သူငယ်ချင်းတွေ လာပြောတယ်။ ငါလည်း မခံချင်စိတ်နဲ့ ငါ့ သူငယ်ချင်း ကောင်မလေးတစ်ယောက်နဲ့ တွဲပြခဲ့တယ်။

ဒါတွေဟာ ဝေးလွင့်ခြင်းရဲ့ သင်္ကေတတွေမှန်း ငါ မသိခဲ့ရိုးအမှန်ပါ ယုန်ဖြူရယ်။

တစ်လလောက် ကြာတော့ နင် စိတ်ဆိုးပြေလောက်ပြီထင်လို့ နင့်ဆီ ငါလာခဲ့တယ်။ ဒါပေမယ့် ယုန်ဖြူရယ် ... အလင်း မပြန်တဲ့ မှန်တစ်ချပ်ကြောင့် ငါ ကြေကွဲခဲ့ရတယ်လေ။

မှတ်မိဦးမှာပေါ့။ နင် ပြောခဲ့တဲ့ စကား 'နင် နဲ့ ငါ ဇာတ်လမ်း ပြီးသွားပြီ' တဲ့လေ။ ငါ အရမ်း တုန်လှုပ်သွားတယ်။ 'မနောက်ပါနဲ့ ယုန်ဖြူရယ်' လို့ ငါပြောတော့ နင်က ငါ သိပ်မြတ်နိုးတဲ့ ပါးချိုင့်လေးပေါ်အောင် မဲ့ပြုံး, ပြုံးပြီး 'နင့်ကို ငါ အရင်တုန်းက ချစ်ခဲ့တယ်ဆိုတာ အနေနီးစပ်မှုကြောင့် ဖြစ်မှာပါ။ အခုမှ ငါ တကယ် အချစ်စစ်နဲ့ တွေ့တာ။ ပြီးတော့ နင့်လို ဘဝ အာမခံချက် မရှိတဲ့ လမ်းပေါ်က တေလေတစ်ယောက်ထက် ငါ့

ချစ်သူက အများကြီး သာတယ်’ တဲ့လေ။

ရက်စက်လိုက်တာ ယုန်ဖြူရယ်။

ငါ့ စကားတွေအတွက် ငါ့ကို ပြန်ကလဲ့စားချေလိုက်တာလား။

ရပါတယ် ယုန်ဖြူ ... နင့်ဘဝ မြင့်မားဖို့ နင် စိတ်ချမ်းသာဖို့ဆိုရင် ငါဆိုတဲ့ ကောင်က ငါ့ နှလုံးသားကို လှေကားထစ်လို အသုံးချပြီး နင်းသွားရင်တောင် ရင်နာနာနဲ့ ကျေနပ်နေမှာပါ။

ယုန်ဖြူ ... ကမ္ဘာဦးအစမှာ အာဒမ်က တစ်ယောက်တည်းသာ ဧဝကို သူ့အချစ်တွေ ပုံအပ်ပြီး ချစ်ခဲ့သလိုမျိုး နင့်ကို ငါချစ်တာပါ။ အာဒမ်ဟာ သူ့ရဲ့ နံရိုးတစ်ချောင်း အနစ်နာ အဆုံးရှုံးခံပြီး ဧဝဆိုတဲ့ ချစ်သူ တစ်ယောက်ကို ဖန်ဆင်းစေခဲ့တယ်။ ချစ်ခြင်းရဲ့ ဒဿနတွေ ငါနားမလည်ပါဘူး။ သိနားလည်တာက နင် ပျော်ရွှင်စေဖို့ပါပဲ ယုန်ဖြူ။

အာဒမ်ရယ် ... အသင်က နံရိုးတစ်ချောင်း ဆုံးရှုံးခဲ့ပေမယ့် နှလုံးသား တစ်ခုကို ပိုင်ဆိုင်ခွင့် ရခဲ့တယ်။ ငါ့မှာတော့ နှလုံးသား တစ်ခုလုံး စတေးခဲ့ရပေမယ့် ကြေကွဲခြင်းတွေ၊ လွမ်းဆွတ်ခြင်းတွေ၊ နာကျင်ခြင်းတွေ တစ်ပွေ့တစ်ပိုက်နဲ့ ကျေနပ်နေရတဲ့ ကောင်ပါ။

အိပ်မက်ချိုတွေ တိုက်ကျွေးခဲ့ဖူးတဲ့ ငါ့ နှလုံးသားရဲ့ ရင်ခွင်ဦး ယုန်ဖြူလေးရယ် ... အချိန်တွေသာ ကြာညောင်းသွားပေမယ့် ငါ့ရဲ့ လွမ်းဆွတ်ခြင်းတွေကတော့ နာရီလက်တံတွေ နောက်ကို အပြေးအလွှား လိုက်နေတုန်းပါပဲ ...။

လင်းညို့သွေး

(Fashion Image မဂ္ဂဇင်း)

*